**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)
AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# လစဉ်သတင်းလွှာဒီဇင်ဘာလ ၂၀၁၆



လူ့အခွင့်အရေးဆိုင်ရာဟောပြောပွဲတွင်းကျောင်းသူ၊ကျောင်းသားများမှပါဝင်ဆွေးနွေး

## အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများတွင် AAPP မှ လူ့အခွင့်အရေးဆိုင်ရာဟောပြောဆွေးနွေးပွဲများပို့ချပေးခြင်း

ယခင်ကာလများတွင် ပြုလုပ်ခွင့် မရှိခဲ့သော လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများကိုယခုကာလတွင် အစိုးရကျောင်းများ၊ ပုဂ္ဂလိက ကျောင်းများနှင့် အခြားသောလူထုများကြားထဲတွင် ပြုလုပ်လာနိုင်ခဲ့ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက်လည်း သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူမှုအဖွဲ့အစည်းမှ ခေါင်းဆောင်များနှင့် အခြားသောလူ့အခွင့်အရေးအဖွဲ့များက ပူးပေါင်းကူညီပေးခဲ့ပါသည်။ ထိုသို့သောအကူအညီများဖြင့် အေအေပီပီသည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းလူ့အခွင့်အရေးဆိုင်ရာအသိပညာပေးဟောပြောပွဲပေါင်း ၁၄ ပွဲကိုရန်ကုန်တိုင်းသက်န်းကျွန်းမြို့နယ်အတွင်းရှိ အ ထ က ကျောင်းများနှင့် အခြားသောနယ်များမှ ပုဂ္ဂလိကကျောင်းများတွင် ပြုလုပ်နိုင်ခဲ့ပါသည်။ လူ့အခွင့်အရေးဆိုင်ရာဟောပြောပွဲတွင် အဓိကအားဖြင့် သက်ငယ်မုဒိမ်းမှုများမဖြစ်ပွားအောင် ကာကွယ်ရေး၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်းပါ အခွင့်အရေးများနှင့်တာဝန်များ ကိုကျောင်းသားများနားလည်စေရန် ဟောပြောကြပါသည်။ထိုဟောပြောပွဲများကိုဦးဆောင်ဟောပြောသူများမှာလွှတ်တော်ကိုယ် စားလှယ်များဖြစ်ကြသောဦးနေဘုန်းလတ်၊ ဒေါ်ကြည်ပြာ၊ ၈၈ ငြိမ်းချမ်း ရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်၊ ဦးကိုကိုကြီး၊ ဦးကျော်မင်းယု (ခ) ဦးဂျင်မီ၊ ညီမျှခြင်းမြန်မာမှ ဒါရိုက်တာ ဦးအောင်မျိုးမင်း၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူး ဦးတိတ်နိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်၊ မြန်မာနိုင်ငံတာဝန်ခံ ဦးအောင်မျိုးကျော်၊ လူ့အခွင့်အရေးနည်းပြများဖြစ်သော ဦးဂဏ္ဍနွယ်၊ ဦးကျော်စွာလင်း နှင့် ဦးကျော်ဦးတို့မှ ဦးဆောင်ဆွေးနွေးပေးခဲ့ကြပါသည်။ ထိုဟောပြောဆွေးနွေးပွဲများသို့ ကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ဆရာများ၊ ကျောင်းအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်အရာရှိများ၊ ရဲအရာရှိများနှင့်စိတ်ဝင်စားသည့် ပြည်သူလူထုများတက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲပြီးနောက် တက်ရောက်သူများကြား လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြှင့်တင်ရန်ရည်ရွယ်၍ အေအေပီပီမှ အချက် ၃၀ ပါ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းလက်ကမ်းစာစောင်များဝေငှခဲ့သည်။)

## စည်းရုံးလှုံ့ဆော်ခြင်းနှင့်တိုက်တွန်းခြင်း

### လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် AAPP တို့ ရှေ့ဆက် ပူးပေါင်း ဆောင်ရွက်ရန်ဆွေးနွေး

ဒီဇင်ဘာလတွင်းတွင် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများထဲမှ တိုးတက်မှုတချို့ရှိလာသည်ကို တွေ့မြင်နိုင်သည်။ ဒီဇင်ဘာလ ၉ ရက်နေ့တွင် နေပြည်တော်၌ လူမှုဝန်ထမ်း ပြန်လည်နေရာချထားရေးနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် AAPP တို့ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင်း ဝန်ကြီးဌာနနှင့် AAPP တို့ အနာဂတ်တွင် ပူးပေါင်းလုပ်ဆောင်နိုင်မည့် ကိစ္စများအား ဆွေးနွေးခဲ့သည်။



လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးနှင့်AAPP ဆွေးနွေး



အမျိုးသားလွှတ်တော်၌AAPP မှအကျဉ်းထောင်နှင့်လူ့အခွင့်အရေးဆိုင်ရာဦးဆောင်ဆွေးနွေး

**အမျိုးသားလွှတ်တော်၌ AAPP မှ အကျဉ်းထောင်နှင့် လူ့အခွင့်အရေး ဆိုင်ရာ ဆွေးနွေးပွဲ ဦးဆောင်ကျင်းပ**

ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် AAPP မှ အမျိုးသားလွှတ်တော်၌ အကျဉ်းထောင်များနှင့် လူ့အခွင့်အရေးအကြောင်း ဆွေးနွေးပွဲတစ်ခု ဦးဆောင်ကျင်းပခဲ့သည်။အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ နိုင်ငံသားမူလအခွင့်အရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ကော်မတီရုံးဝန်ထမ်းများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ပါဝင် ဆွေးနွေးခဲ့ကြသည်။ ဦးကိုကိုကြီး (၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) မှ အကျဉ်းထောင်နှင့် အကျဉ်းသား အခွင့်အရေးအကြောင်း၊ AAPP တွဲဘက် အတွင်းရေးမှူး ဦးဘိုကြည်မှ မြန်မာနိုင်ငံ အကျဉ်းထောင်အခြေအနေနှင့် အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေး အလားအလာအား ဆွေးနွေးခဲ့သည်။ UNOHCHR မှ Mr. Andrew မှ အကျဉ်းထောင်နှင့်ဆက်စပ်လျက်ရှိသော နိုင်ငံတကာ လူ့အခွင့်အရေးများအကြောင်းကို ဆွေးနွေးခဲ့ပါသည်။



ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီနှင့်AAPP တို့အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးဆိုင်ရာဆွေးနွေးပွဲ

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ နှင့် AAPP တို့ အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေး**

ပြည်သူ့ လွှတ်တော်၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ (နေပြည်တော်)နှင့် AAPP တို့၏ အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ အစည်းအဝေးကို ကော်မတီ၏ ဖိတ်ကြားချက်အရ AAPP မှ ကိုဘိုကြည်၊ ကိုအောင်မျိုးကျော်၊ ကိုဇော်မိုးနှင့် ကိုကျော်စိုးမိုးတို့ တက်ရောက်ခဲ့သည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်သူ့လွှတ်တော်မှ ပြည်သူ့လွှတ်တော်မှ ကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ထွန်းခိုင်၊ အတွင်းရေးမှူးဦးတင့်စိုးနှင့် ကော်မတီဝင်များတက်ရောက်ကြပြီး၊ အစည်းအဝေးအား ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရုံး၌ကျင်းပခဲ့သည်။

## စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းများပို့ချ

လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သင်တန်းကို AAPP မှ လစဉ် တစ်လလျှင် နှစ်ကြိမ် ပို့ချပေးလျက်ရှိရာ ဒီဇင်ဘာလတွင်း တွင် AAPP မှ ရက်ရှည်သင်တန်းနှစ်ခု ပို့ချပေးခဲ့သည်။ ဒီဇင်ဘာလ ၆ ရက်နေ့မှ ဒီဇင်ဘာလ ၁၇ ရက်နေ့ထိ ဆယ့်နှစ်ရက်ကြာ သင်တန်းကို စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ကင်းမွန်တော်ရွာတွင် ဦးဆောင် ကျင်းပခဲ့ပြီး ဒီဇင်ဘာလ ၁၃ ရက် နေ့မှ ဒီဇင်ဘာလ ၁၇ ရက်နေ့ထိ ငါးရက်ကြာသင်တန်းကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်၊ ဘော်ဒေးရွာတွင်ကျင်းပခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ကျင်းပခဲ့သော သင်တန်း၌ နိုင်ငံရေးအကျဉ်းသား ဟောင်းများ၊ NLD အဖွဲ့ဝင်များ၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်း အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ABFSU) တို့အပါအဝင် သင်တန်းသား ၂၂ ဦး တက်ရောက်ခဲ့ကြသည်။ ရှမ်းပြည်နယ်တွင် ကျင်းပခဲ့သော သင်တန်း၌ NLD အဖွဲ့ဝင်များ၊ လီဆူးလူငယ်ကွန်ရက်၊ လီဆူး အမျိုးသားပါတီ၊ လီဆူးယဉ်ကျေးမှုအဖွဲ့နှင့် အမျိုးသမီးကွန်ရက်တို့ အပါအဝင် သင်တန်းသား ၂၆ ဦး တက်ရောက်ခဲ့ကြသည်။ ပြည်သူ လူထုများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှလည်း ပူပေါင်း ပါဝင်တက်ရောက်ခဲ့သည်။ AAPP ၏ လူ့အခွင့်အရေးနှင့် အသွင်ကူးပြောင်းရေး ဆိုင်ရာ သင်တန်းဆရာများဖြစ်ကြသော ကိုနေဝန်း၊ ကိုစိုင်းမြင့်သူနှင့် ကိုကျော်ဦးတို့မှ သင်တန်းပို့ချပေးခဲ့သည်။ သင်တန်းပို့ချခဲ့သော ဒေသနှစ်ခုလုံးသည် များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင် နေရသည်။ ထို့ပြင် လုံလောက်သော ကျန်းမာရေးနှင့် ပညာပေးမှုများ မရှိခြင်း၊ အကျင့်ပျက်ခြစားမှုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုများ တိုးလာခြင်းတို့ပြင် ရာဇဝတ်မှုနှုန်းသည်လည်း အချိန်တိုင်း မြင့်တက်လျက်ရှိသည်။